# Washington Apple Health မှ စီမံခန့်ခွဲသည့် စောင့်ရှောက်မှုအစီအစဉ် နှိုင်းယှဉ်ချက် လမ်းညွှန်

ဤလမ်းညွှန်သည် Apple Health (Medicaid) မှ စီမံခန့်ခွဲမှုပြုသော စောင့်ရှောက်မှု အစီအစဉ်များအား နှိုင်းယှဉ်ပြထားသည်။ အောက်ဖော်ပြပါတို့၌ သင် မြင်တွေ့ရမည်မှာ -

- အစီအစဉ် အစီရင်ခံကတ်
- အခြေခံ အာမခံအကျုံးဝင်လွှမ်းခြုံပေးထားသည့် ဝန်ဆောင်မှုများ
- တန်ဖိုးပေါင်းထည့်ထားသော အကျိုးခံစားခွင့်များ နှိုင်းယှဉ်ချက် ဇယားကွက်

သင် နှင့် သင့်မိသားစု၏ လိုအပ်ချက်များအတွက် အကိုက်ညီဆုံးဖြစ်မည့် Apple Health (Medicaid) မှ စီမံခန့်ခွဲသော စောင့်ရှောက်မှုအစီအစဉ်တစ်ခုအား ရွေးချယ်ရာတွင် အထောက်အကူဖြစ်စေဖို့အလို့ငှာ ဤလမ်းညွှန်အား အသုံးပြုပါ။

## 22023 Washington Apple Health အစီအစဉ် အစီရင်ခံကတ်

ဤအစီရင်ခံကတ်သည် သော့ချက်ကျသော ဆောင်ရွက်ချက်ပိုင်း ဧရိယာနယ်ပယ်အသီးသီးတွင် Apple Health အစီအစဉ်များ တစ်ခုနှင့်တစ်ခုအား မည်သို့ နှိုင်းယှဉ်ထားကြောင်းကို ပြသသည်။

| ဆောင်ရွက်ချက်ပိုင်း နယ်ပယ်ဧရိယာများ | Coordinated Care of Washington | Community Health Plan of Washington | Molina Healthcare of Washington | United Healthcare Community Plan | Wellpoint (ယခင်က Amerigroup) |
|---|---|---|---|---|---|
| စောင့်ရှောက်မှု ရယူခြင်း | ★★☆ | ★☆☆ | ★★☆ | ★★☆ | ★☆☆ |
| ကလေးများ ကျန်းမာသန်စွမ်းစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း | ★★☆ | ★★☆ | ★★☆ | ★☆☆ | ★☆☆ |
| အမျိုးသမီးများ နှင့် မိခင်များ ကျန်းမာသန်စွမ်းစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း | ★★☆ | ★★☆ | ★★★ | ★☆☆ | ★☆☆ |
| နာမကျန်းဖြစ်မှုအား ကြိုတင်ကာကွယ်ခြင်း နှင့် စီမံကိုင်တွယ်မှုပြုခြင်း | ★☆☆ | ★☆☆ | ★★☆ | ★★☆ | ★☆☆ |
| သင့်တင့်သော ကုသစောင့်ရှောက်မှု ရရှိစေရန် သေချာအောင် ဆောင်ရွက်ခြင်း | ★★★ | ★★★ | ★★☆ | ★☆☆ | ★☆☆ |
| အရွယ်ရောက်ပြီးသူများထံသို့ ထောက်ပံ့ပေးသော စောင့်ရှောက်မှုအပေါ် စိတ်ကျေနပ်နှစ်သက်မှု | ★★☆ | ★★☆ | ★★☆ | ★★☆ | ★★☆ |
| အရွယ်ရောက်ပြီးသူများအတွက် အစီအစဉ်အပေါ် စိတ်ကျေနပ်နှစ်သက်မှု | ★★☆ | ★★☆ | ★★☆ | ★★☆ | ★☆☆ |

| **သော့ချက်** – Apple Health အစီအစဉ်များအားလုံးအပေါ်နှိုင်းယှဉ်ထားသော ဆောင်ရွက်ချက်ပိုင်း | |
|---|---|
| ပျမ်းမျှထက်ကျော်လွန်သော | ★★★ |
| ပျမ်းမျှ | ★★☆ |
| ပျမ်းမျှအောက် | ★☆☆ |

*ဤအဆင့်သတ်မှတ်ချက်များသည် 2022 မှ ကျန်းမာရေးအစီအစဉ်များ နှင့် ကျန်းမာရေးအစီအစဉ် အဖွဲ့ဝင်များအပေါ် စစ်တမ်းများတို့မှ စုဆောင်းရရှိထားသော အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ (စောင့်ရှောက်မှု ရယူခြင်း အမျိုးအစားတွင် အသုံးပြုထားသော ဒေတာအချက်အလက်အချို့မှာမူ 2021 မှ ဖြစ်သည်)။*

*ဤအချက်အလက်များ တိကျမှန်ကန်မှုရှိစေရန်ငှာ လွတ်လပ်စွာရပ်တည်သော စာရင်းစစ်များမှ ကြည့်ရှုစစ်ဆေးပေးခဲ့သည်။*

*ကျန်းမာရေးအစီအစဉ် ဆောင်ရွက်ချက်ပိုင်း ရမှတ်များသည် ၎င်းတို့၏ အဖွဲ့ဝင် လူဦးရေ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် ဒေသများအလိုက် ခြားနားချက်များအပေါ်လိုက်၍ ချိန်ညှိပြင်ဆင်ထားခြင်း မရှိပေ။*

***Washington Apple Health* *အစီအစဉ် အစီရင်ခံကတ်* *အား ကြည့်ရှုပါ။***

## အာမခံအကျုံးဝင်လွှမ်းခြုံပေးထားသည့် ဝန်ဆောင်မှုများ

Apple Health စီမံခန့်ခွဲမှုပြုသည့် စောင့်ရှောက်မှု အစီအစဥ်များ အားလုံးသည် အောက်တွင်ပြသထားသည့် ဤအခြေခံ ဝန်ဆောင်မှုများအား အကျုံးဝင်လွှမ်းခြုံပေးရမည် ဖြစ်သည်။

| | |
|---|---|
| **ဆေးရုံတက်ရောက်မှု** | အတွင်းလူနာ ခွဲစိတ်ကုသမှုနှင့် ပြန်လည်နလန်ထူထောင်မှုတို့အပါအဝင် ဆေးရုံတွင် တက်ရောက်နေထိုင်မှုတစ်ခု။ |
| **အရေးပေါ် ဝန်ဆောင်မှုများ** | လူနာတင်ယာဥ် ဝန်ဆောင်မှုများ သို့မဟုတ် ချက်ချင်းကုသစောင့်ရှောက်မှု စင်တာတစ်ခုအတွင်း ကုသမှုတို့အပါအဝင် အရေးပေါ်ခန်းသို့ သွားရောက်ရမှုများ။ |
| **ပြင်ပဌာန ဝန်ဆောင်မှုများ** | သင် ဖျားနာချိန် သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိချိန်တွင် ဆရာဝန်ထံ တွေ့ဆုံပြသမှုများ သို့မဟုတ် ပြင်ပလူနာ ဆေးပေးခန်းသို့ သွားရောက်ပြသမှုများ။ |
| **ဆေးစာပါရှိသော ဆေးဝါးများ** | သင့်ဆရာဝန်မှ ညွှန်ကြားသည့် ဆေးဝါးများ။ |
| **ဓာတ်ခွဲခန်း ဝန်ဆောင်မှုများ** | ဓာတ်မှန်များ၊ MRI များ၊ သွေးစစ်ဆေးမှုများ အစရှိသဖြင့် |
| **မိခင်နှင့် မွေးကင်းစကလေး စောင့်ရှောက်မှု** | ကလေးမီးမဖွားမီ စောင့်ရှောက်မှုအား လိုအပ်သူများ သို့မဟုတ် ကိုယ်ဝန်ဆောင်ထားရခြင်း၊ ၎င်းစပ်ဆက်ပြဿနာများ နှင့် ကလေးမီးဖွားမှုတို့နှင့်ပတ်သက်၍ အကူအညီလိုအပ်သူများအတွက်။ |
| **သွားဘက်ဆိုင်ရာ နှင့် အမြင်အာရုံ စောင့်ရှောက်မှုတို့ အပါအဝင် ကလေးအထူးကု ဝန်ဆောင်မှုများ** | သွားဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ပုံမှန် မျက်စိဆရာဝန်ဖြင့် တွေ့ဆုံပြသမှုများ၊ မျက်မှန်များ၊ ကာကွယ်ဆေးများ နှင့် နောက်ထပ်များစွာသောအရာများ။ |
| **နာတာရှည်ရောဂါ စီမံခန့်ခွဲမှုအပါအဝင် ကြိုတင်ကာကွယ်ရေး နှင့် အလုံးစုံပြည့်စုံကျန်းမာရေး ဝန်ဆောင်မှုများ** | အရိုးပွရောဂါကဲ့သို့သော အရာများအား စမ်းသပ်စစ်ဆေးမှုများ နှင့် ရင်သားဓာတ်မှန်ရိုက်ကူးမှုများ၊ ထို့ပြင် ဆီးချိုရောဂါကဲ့သို့သော နာတာရှည်ရောဂါနှင့်အတူ ရေရှည်နေထိုင်နိုင်စေရန် အကူအညီပေးမှုများ။ |
| **စိတ်အမူအကျင့်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ** | စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေး၊အရက်စွဲလန်းမှုအား ကုသပေးသည့် ဝန်ဆောင်မှုများ |
| **ပြန်လည်နလန်ထူထောင်ရေး ဝန်ဆောင်မှုများ နှင့် ထောက်ကူကိရိယာများ** | ရုပ်ပိုင်းဆိုင်ရာ ကုထုံးသရဖီ၊ စကားပြော ကုထုံးသရဖီ၊ ခြေတု၊လက်တုများ နှင့် အခြားသော ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ။ |

***Apple Health မှ အကျုံးဝင်လွှမ်းခြုံပေးထားသည့် အခြားသော အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများတို့အား*** *လေ့လာလိုက်ပါ။*

# Apple Health စီမံခန့်ခွဲမှုပြုသည့် စောင့်ရှောက်မှု၏ တန်ဖိုးပေါင်းထည့်ထား သော အကျိုးခံစားခွင့်များ နှိုင်းယှဉ်ချက် ဇယားကွက်

တန်ဖိုးပေါင်းထည့်ထားသော အကျိုးခံစားခွင့်များ (VAB) သည် Apple Health (Medicaid) မှ အကျုံးဝင်လွှမ်းခြုံပေးခြင်း မရှိသည့် အပိုဆောင်း ပံ့ပိုးမှုများအား ကမ်းလှမ်း ထောက်ပံ့ပေးပြီး၊ အမှုသည်များအတွက် ၎င်းတို့၏ စီမံခန့်ခွဲမှုပြုသော စောင့်ရှောက်မှုအစီအစဉ်အားဖြင့် ထောက်ပံ့ပေးသည်။

အချို့သော စီမံခန့်ခွဲမှုပြုသည့် စောင့်ရှောက်မှုအစီအစဉ်များသည် ဤသည်တို့နှင့် အခြားသော အကျိုးခံစားခွင့်များသို့ သင် ဝင်ရောက်ရယူနိုင်ဖို့ အထောက်အကူဖြစ်စေ ရန်ငှာ ဗာကျူရယ် သို့မဟုတ် လူကိုယ်တိုင်တွေ့ဆုံ၍ စီစဉ်ဆောင်ရွက်မှုများ ကမ်းလှမ်းထောက်ပံ့ပေးသည်။ အစီအစဉ်မှ ကမ်းလှမ်းထောက်ပံ့ပေးသော အကျိုးခံစားခွင့် များ စာရင်းအပြည့်အစုံအား သိရှိလိုပါက ဇယားကွက်၏ ထိပ်ဘက်တွင်ရှိသော အစီအစဉ်များ၏ အမည်များအား ကလစ်နှိပ်ပေးပါ။ ပုံမှန်အတွေ့ရများသော VAB များကိုမူ အောက်ပါဇယားကွက်အတွင်း တွေ့ရှိနိုင်ပါသည်။

| တန်ဖိုးပေါင်း ထည့်ထားသော အကျိုးခံစားခွင့်များ | Coordinated Care | Community Health Plan of Washington | Molina Healthcare of Washington | UnitedHealthcare Community Plan | Wellpoint Washington (ယခင်က Amerigroup) |
|---|---|---|---|---|---|
| **အစားအသောက် ဖူလုံရေး** | အသီးအနှံ နှင့် ဟင်းသီးဟင်းရွက်များအတွက် တစ်နှစ်လျှင် $100 အား ဗောက်ချာများဖြင့် ရယူနိုင်စေရန် ပံ့ပိုး ထောက်ပံ့မှု။ | N/A | ဆေးရုံတစ်ကြိမ် တက်ရောက်ပြီးနောက်တွင် FarmboxRx မှ ကျန်းမာရေး အစားအစာများအား ရက်သတ္တပတ် နှစ်ပတ်တာ အခမဲ့ ရရှိခွင့်<br><br>ကျွန်ုပ်တို့၏ My Health အစီအစဉ်မှတစ်ဆင့် မှတ်ပုံတင်လက်မှတ်ရ ဓာတ်စာကျွမ်းကျင်ပညာရှင်များနှင့် ကျန်းမာရေး ပညာပေးများတို့ထံမှ ပံ့ပိုး ထောက်ပံ့မှုများ | မိခင် ပံ့ပိုးထောက်ပံ့မှု VAB အား ကြည့်ရှုပါ | အခမဲ့ Costco Gold Card ရှေ့ရောင်ကတ် အဖွဲ့ဝင်ခွင့် |
| **အိမ်ရာဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု** | အိမ်ငှားခများ/ငှားရမ်းခများ နှင့် အထွေထွေအသုံးစရိတ်များတွင် အသုံးပြုရန်အတွက် $200 အထိ ဆုကြေးများအား ရှာဖွေရယူလိုက်ပါ | N/A | N/A | On My Way (OMW) အစီအစဉ် – သည် လူငယ်အဖွဲ့ဝင်များအား အနာဂါတ်အတွက် ၎င်းတို့၏ အိမ်ရာ၊ အလုပ်ရရှိမှု နှင့် ငွေကြေးစီမံခန့်ခွဲမှု လိုအပ်ချက်များတို့ ပြည့်မီရရှိစေရန်ငှာ ကူညီပြင်ဆင်ပေးသည် | N/A |
| **အကျဉ်းထောင်/ အချုပ်ခန်း ကူးပြောင်းမှုဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု** | အောင်မြင်သော ကူးပြောင်းမှုအား ပံ့ပိုးထောက်ပံ့ပေးရန်အလို့ငှာ အစားအသောက်၊ အဝတ်အထည် နှင့် အခြားသောပစ္စည်းများ ကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် အခြေခံလိုအပ်ချက်များ ဝယ်ယူနိုင်စေရန်ငှာ အဖွဲ့ဝင်များအတွက် ဂရန့်ထောက်ပံ့မှုများ | N/A | N/A | အကယ်၍ ရရှိနိုင်သည့်အခါများတွင် တည်နေရာအခြေပြုသည့် ဝန်ဆောင်မှုများ<br><br>အဖွဲ့ဝင်များသည် အကျဉ်းချုပ်ခံထားရာမှ ထွက်ခွာခွင့်ရရှိသည့်အခါတွင် မရှိမဖြစ် အခြေခံလိုအပ်ချက်များ ပါဝင်သော အိတ်များအား လက်ခံရရှိပေမည် | အခမဲ့ လက်တော့ပ်<br><br>အင်တာနက်/နည်းပညာအတွက် $100 |

| တန်ဖိုးပေါင်းထည့်ထားသော အကျိုးခံစားခွင့်များ | Coordinated Care of Washington, Inc | Community Health Plan of Washington | Molina Healthcare of Washington | UnitedHealthcare Community Plan | Wellpoint Washington (ယခင်က Amerigroup) |
|---|---|---|---|---|---|
| **မိခင် ပံ့ပိုးထောက်ပံ့မှု** | အခမဲ့ ကားထိုင်ခုံ သို့မဟုတ် Pack and Play ရွှေ့ပြောင်းပုခက်စင် နှင့် ကလေးကုတင်များနှင့် ပတ်သက်၍ အကူအညီပေးမှု<br>ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု၊ မိခင်နို့တိုက်ကျွေးမှုဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အစရှိသည်တို့အား ဗီဒီယိုဖြင့် 24/7 ရရှိနိုင်စေသည့် လုပ်အား နှင့် စီမံရေးဆွဲခြင်းဆိုင်ရာ လက်ထောက် (မီးနေသည်အကူ)<br>ဆေးလိပ်သောက်ခြင်းအား လျှော့ကျစေရန် ပံ့ပိုးထောက်ပံ့မှု (ဆေးလိပ်ဖွာမှုကင်းဝေးသော ကိုယ်ဝန်ဆောင်ကာလ)<br>ကလေးမီးမဖွားမီ ဗီတာမင်များအား သုံးလတာ ပံ့ပိုးထောက်ပံ့မှု<br>လက်ဖြင့်ကိုယ်တိုင်ညှစ်ရသော သို့မဟုတ် အီလက်ထရောနစ် နို့ညှစ်စက်တစ်ခုအား အခမဲ့ ရွေးချယ်ပါ | မီးမဖွားမီသောက်သုံးရန် အခမဲ့ ဗီတာမင်များ<br>ကိုယ်ဝန်နှင့်ဆက်နွယ်သော လိုအပ်ချက်များအား နောက်ဆက်တွဲ ပံ့ပိုးကူညီရန်အတွက် အထူးပြုထားသော အမှုမန်နေဂျာများနှင့်အတူ Healthy You, Helathy Baby (ကျန်းမာသော သင်၊ ကျန်းမာသော ကလေး) အစီအစဉ်<br>လက်ဖြင့်ကိုယ်တိုင်ညှစ်ရသော သို့မဟုတ် အီလက်ထရောနစ် နို့ညှစ်စက်တစ်ခုအား အခမဲ့ ရွေးချယ်ပါ | မီးမဖွားမီသောက်သုံးရန် အခမဲ့ ဗီတာမင်များ<br>အခမဲ့ Text4baby ရက်ချိန်း ချိန်းဆိုမှုများ နှင့် ကျန်းမာသော ကိုယ်ဝန်အတွက် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ<br>လက်ဖြင့်ကိုယ်တိုင်ညှစ်ရသော သို့မဟုတ် အီလက်ထရောနစ် နို့ညှစ်စက်တစ်ခုအား အခမဲ့ ရွေးချယ်ပါ | စရိတ်အခမဲ့ ကားထိုင်ခုံ<br>စာရင်းသွင်းထားသော ကလေးမီးဖွားသည့် ပုဂ္ဂိုလ်နှင့် အပိုဆောင်း မိသားစုဝင် လေးဦးအထိအတွက် ရက်သတ္တပတ် နှစ်ပတ်တာ နေအိမ်သို့ အစားအသောက် ပို့ဆောင်ပေးမှုများ<br>Babyscripts - ပညာပေး အကြောင်းအရာများ<br>Text4Baby ပညာပေး နှင့် ပံ့ပိုးထောက်ပံ့မှု<br>မီးမဖွားမီသောက်သုံးရန် အခမဲ့ ဗီတာမင်များ<br>မီးမဖွားခင်မှ မီးဖွားပြီးနောက် တစ်နှစ်ကြာအထိ Healthy First Steps (ကျန်းမာသော ပထမခြေလှမ်းများ) အစီအစဉ်<br>လက်ဖြင့်ကိုယ်တိုင်ညှစ်ရသော သို့မဟုတ် အီလက်ထရောနစ် နို့ညှစ်စက်တစ်ခုအား အခမဲ့ ရွေးချယ်ပါ | ကိုယ်ဝန်ဆောင်နှင့် မိခင်ဖခင်အသစ်ချွတ်ချွတ်များအတွက် ရက်သတ္တပတ် နှစ်ပတ်တာ အစားအသောက် ပို့ဆောင်ပေးသည့် အစီအစဉ်<br>ကိုယ်ဝန်ဆောင်စဉ် ဆီးချိုတက်သော ကိုယ်ဝန်ဆောင်များအတွက် ရက်သတ္တပတ် 10 ပတ် အစားအသောက် ပို့ဆောင်မှု<br>ကလေးပစ္စည်းများ ဝယ်ယူရန်အတွက် $100 တန်ဖိုး လက်ဆောင်ကတ်<br>လက်ဖြင့်ကိုယ်တိုင်ညှစ်ရသော သို့မဟုတ် အီလက်ထရောနစ် နို့ညှစ်စက်တစ်ခုအား အခမဲ့ ရွေးချယ်ပါ |
| **အသက်တာ ကူးပြောင်းမှု ပံ့ပိုးထောက်ကူ/ပစ္စည်းတွဲ** | မရှိမဖြစ်လိုအပ်သည်များ (အိမ်သာသုံးပစ္စည်းများ၊ ရှူးဖိနပ်များ နှင့် အစီအစဉ်ချမှတ်သည့် ပလန်နာများ နှင့် နောက်ထပ်များစွာသောအရာများ)အား အခမဲ့ ထောက်ပံ့ရန်အလို့ငှာ တစ်ဦးချင်းအလိုက်စီမံထားသော စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုထံမှ အကူအညီ<br>LGBTQIA+ Care Navigators သည် သင့်အတွက် ဂျန်ဒါအတည်ပြုပေးသော စောင့်ရှောက်မှု လမ်းညွှန် နှင့် ပံ့ပိုးမှုများအား ထောက်ပံ့ပေးသည်။ | အသက် 15-18 နှစ် လူငယ်များအတွက် ဘဝတစ်သက်တာ ကျွမ်းကျင်မှုအရည်အချင်း ပညာပေး<br>အမှီအခိုကင်းမဲ့သော နေထိုင်မှု ပန်းတိုင်များနှင့် စပ်လျဉ်း၍ ကြွယ်ဝဖူလုံမှုရှိစေရန်ငှာ ရန်ပုံငွေ $500 အထိ ထောက်ပံ့မှု<br>နေ့စဉ်ဘဝနေထိုင်မှု ကျွမ်းကျင်မှုအရည်အချင်းများ နည်းပြပေးခြင်း<br>ပညာရေး ပံ့ပိုးထောက်ပံ့မှု<br>သက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု<br>သက်မွေးဝမ်းကျောင်း အလုပ်အကိုင် ထရိန်နင် သင်တန်း<br>အလုပ်အကိုင် နေရာချမှု ဝန်ဆောင်မှုများ<br>LGBTQIA+ Care Navigators သည် သင့်အတွက် ဂျန်ဒါအတည်ပြုပေးသော စောင့်ရှောက်မှု လမ်းညွှန် နှင့် ပံ့ပိုးမှုများအား ထောက်ပံ့ပေးသည်။ | LGBTQIA+ Care Navigators သည် သင့်အတွက် ဂျန်ဒါအတည်ပြုပေးသော စောင့်ရှောက်မှု လမ်းညွှန် နှင့် ပံ့ပိုးမှုများအား ထောက်ပံ့ပေးသည်။ | On My Way (OMW) အစီအစဉ် – သည် လူငယ်အဖွဲ့ဝင်များအား အနာဂါတ်အတွက် ၎င်းတို့၏ အိမ်ရာ၊ အလုပ်ရရှိမှု နှင့် ငွေကြေးစီမံခန့်ခွဲမှု လိုအပ်ချက်များတို့ ပြည့်မီရရှိစေရန်ငှာ ကူညီပြင်ဆင်ပေးသည်<br>LGBTQIA+ Care Navigators သည် သင့်အတွက် ဂျန်ဒါအတည်ပြုပေးသော စောင့်ရှောက်မှု လမ်းညွှန် နှင့် ပံ့ပိုးမှုများအား ထောက်ပံ့ပေးသည်။ | သွားဘက်ဆိုင်ရာနှင့် ရှေ့ဦးသူနာပြုစောင့်ရှောက်မှုပစ္စည်းတွဲ၊ အရေးပေါ်စောင်၊ နှင့် နောက်ထပ်အရာများစွာတို့နှင့်အတူ အခမဲ့ ဘဝ အကူးအပြောင်း (Life Transition) ပစ္စည်းတွဲ<br>အိမ်ခြေရာမဲ့ အခြေအနေအား တွေ့ကြုံနေရသော လူငယ်များအတွက် ဒဏ်ရာအနာတရ ဆေးသတ္တာအတွဲထုပ် |
| **ပို့ဆောင်ဆက်သွယ်ရေး** | ပို့ဆောင်ဆက်သွယ်ရေး လိုအပ်ချက်များတွင် အသုံးပြုရန်အတွက် အလိုအလျောက် ဆုကြေး $200 အထိ ရှာဖွေရယူမှု | N/A | N/A | N/A | King ၊ Pierce နှင့် Snohomish ကောင်တီများတွင် နေထိုင်သော အဖွဲ့ဝင်များအတွက် $50 Orca ကတ် |

| တန်ဖိုးပေါင်းထည့်ထားသော အကျိုးခံစားခွင့်များ | Coordinated Care of Washington, Inc | Community Health Plan of Washington | Molina Healthcare of Washington | UnitedHealthcare Community Plan | Wellpoint Washington (ယခင်က Amerigroup) |
|---|---|---|---|---|---|
| **ကျန်းမာကြံ့ခိုင်ရေး/ ကျန်းမာသော ဘဝ နေထိုင်မှုပုံစံများ (အားကစားခန်းမ အဖွဲ့ဝင်ခွင့်)** | ကိုယ်အလေးချိန်လျှော့ချရန် နည်းပြပေးခြင်း နှင့် ကျန်းမာသော စားသောက်မှု အလေ့အကျင့်များအတွက် ပံ့ပိုးထောက်ပံ့မှု<br>အဆီထုတ်ခွဲစိတ်မှုဆောင်ရွက်ပြီးနောက်ပိုင်း ပံ့ပိုးထောက်ပံ့မှု နှင့် နည်းပြပေးခြင်း<br>စိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျမှု နှင့် မူးယစ်ဆေး၊အရက်စွဲလန်းမှုတို့အား လျော့ချပေးနိုင်သည့် ကိရိယာများ ပါဝင်သော MyStrength အက်ပ် | အသစ်သော ကျန်းမာရေး အလေ့အကျင့်များ၊ ရောဂါရှာဖွေဖော်ထုတ်မှုဆိုင်ရာ စီမံခန့်ခွဲမှု နှင့် လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်များအား ထောက်ပံ့ပေးရန်ဟု အတွေ့အကြုံရှိသော နည်းပြများ၊ သူနာပြုများ နှင့် မှတ်ပုံတင်လက်မှတ်ရ ဓာတ်စာပညာရှင်များတို့ထံမှ လမ်းညွှန်မှု | ကျန်းမာသော ကိုယ်အလေးချိန် ပန်းတိုင်သို့ သင် ရောက်ရှိစေဖို့ အကူအညီပေးရန်ဟု ကိုယ်အလေးချိန် စီမံခန့်ခွဲမှုဆိုင်ရာ နည်းပြပေးခြင်း<br>အစားအသောက် အစီအစဉ် ရေးဆွဲပေးခြင်း နှင့် လမ်းညွှန်ပေးခြင်းတို့အပါအဝင် မှတ်ပုံတင်လက်မှတ်ရ ဓာတ်စာပညာရှင်တစ်ဦးနှင့် အတူ အစာအဟာရဆိုင်ရာ ဆွေးနွေးတိုင်ပင်မှု | အဝလွန်အဆီများနေသူများအတွက် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရ သူနာပြုဖြင့် အချိန်ပေး ဆွေးနွေးတိုင်ပင်မှု | ဆီးချို သို့မဟုတ် အဝလွန်နေသူ အဖွဲ့ဝင်များအတွက် $50 တန်ဖိုးရှိသည့် အားကစားခန်းမ အဖွဲ့ဝင်ကတ်<br>Healthy Online Fitness (ကျန်းမာသော အွန်လိုင်းကြံ့ခိုင်ရေး) အား ရွေးချယ်ပါ<br>WW (ယခင်က Weight Watcher®) ဗောက်ချာ၊ စာရင်းသွင်းအပ်နှံမှု အခကြေးအား အကျိုးဝင်ပေးသည်၊ လူကိုယ်တိုင် တက်ရောက်ရန် 13 ပတ်ကြာ အတန်းများ နှင့် 14 ပတ်ကြာ အွန်လိုင် သင်တန်းများ |
| **ကလေးများအတွက် လှုပ်ရှားဆောင်ရွက်မှုများ/ကလပ်များ (4H ၊ အသက် 6-18 နှစ်အရွယ် ကလေးများအတွက် ယောက်ျားလေးများ နှင့် မိန်းကလေးများ ကလပ်)** | ယောက်ျားလေးများ နှင့် မိန်းကလေးများ ကလပ်သို့ အခမဲ့ အဖွဲ့ဝင်ခွင့်<br>ပန်ဒါလေး CC နှင့်အတူ ကျန်းမာသော ကလေးငယ်များ ကလပ်၊ နှင့် လက်တွဲဖော် ပါတနာ ထောက်ပံ့သူများ၊ ကလေးများအား ကျန်းမာကြံ့ခိုင်သန်စွမ်းသော ခရီးစဉ်ပေါ် လျှောက်လှမ်းနိုင်စေရန်ဟု ဦးဆောင်ပေးခြင်း<br>အခမဲ့ အားကစား ကာယ ရုပ်ပိုင်းဆိုင်ရာများ | ယောက်ျားလေးများ နှင့် မိန်းကလေးများ ကလပ်သို့ အခမဲ့ အဖွဲ့ဝင်ခွင့်<br>အခမဲ့ အားကစား ကာယ ရုပ်ပိုင်းဆိုင်ရာများ | ယောက်ျားလေးများ နှင့် မိန်းကလေးများ ကလပ်သို့ အခမဲ့ အဖွဲ့ဝင်ခွင့်<br>အခမဲ့ အားကစား ကာယ ရုပ်ပိုင်းဆိုင်ရာများ | ယောက်ျားလေးများ နှင့် မိန်းကလေးများ ကလပ်သို့ အခမဲ့ အဖွဲ့ဝင်ခွင့်<br>အခမဲ့ အားကစား ကာယ ရုပ်ပိုင်းဆိုင်ရာများ | ယောက်ျားလေးများ နှင့် မိန်းကလေးများ ကလပ်သို့ အခမဲ့ အဖွဲ့ဝင်ခွင့်<br>4H အဖွဲ့ဝင်ခွင့်<br>ဗာကျူရယ်နည်းလမ်းဖြင့် သင်ကြားပေးသော ဝန်ဆောင်မှုများ<br>Wenatchee နှင့် Longview တွင် နေထိုင်သော အမှုသည်များအတွက် YMCA အဖွဲ့ဝင်ခွင့်<br>အခမဲ့ အားကစား ကာယ ရုပ်ပိုင်းဆိုင်ရာများ |
| **အကြားအာရုံ/ အမြင်အာရုံ အကျိုးခံစားခွင့်(များ) အသက် 21 နှင့်အထက် အရွယ်ရောက်ပြီး သူများအတွက်** | မျက်မှန်များ သို့မဟုတ် မျက်ကပ်မှန်များအတွက် $100 | အခမဲ့ မျက်မှန်များ | Zenni Eyewear ထံမှ အခမဲ့ မျက်မှန်များ | မျက်မှန်များအတွက် $100 *Apple Health Expansion အဖွဲ့ဝင်များဖြင့် မသက်ဆိုင်ပေ | မျက်မှန်များအတွက် $100 |
| **Telehealth (တယ်လီကျန်းမာရေး) အရင်းအမြစ်များ** | Teladoc သို့မဟုတ် ကွန်ယက်ထောက်ပံ့သူများဖြင့် မေးခွန်းများမေးမြန်းရန်၊ အကြံဉာဏ်ရယူရန်၊ ရောဂါရှာဖွေဖော်ထုတ်မှု သို့မဟုတ် ဆေးစာ ရယူရန် အခမဲ့ 24/7 နာရီ ဖုန်း နှင့် ဗီဒီယိုဖြင့် တွေ့ဆုံပြသမှုများ<br>စိတ်အမူအကျင့်ပိုင်းဆိုင်ရာ ကျန်းမာရေး ပံ့ပိုးထောက်ပံ့မှုအတွက် NeuroFlow အက်ပ်<br>ကိုယ်ဝန်ဆောင်စဉ်နှင့် နောက်ပိုင်းကာလအတွင်း မီးနေသည်အကူများ၊ မိခင်နို့တိုက်ကျွေးမှုဆိုင်ရာ အကြံပေးများ၊ အရေးပေါ်အခြေအနေ အကူအညီပေးသည့် ဖုန်းလိုင်း နှင့် နောက်ထပ်များစွာသော အရာများသို့ ဝင်ရောက်ရယူနိုင်ရန် 24/7 အကူအညီပေးသော Pacify App | CHPW Virtual Care မှ တစ်ဆင့် 24/7 ဖုန်း နှင့် ဗီဒီယိုဖြင့် တွေ့ဆုံပြသမှုများ<br>ကျန်းမာရေးစောင့်ရှောက်မှုအတွက် နည်းပညာများ အသုံးပြုဖို့ သင်ယူရန် အကူအညီ | 24/7 ဗာကျူရယ် ချက်ချင်း အရေးပေါ် စောင့်ရှောက်မှု (Teladoc)<br>Pyx Health App - သင်၏ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး လိုအပ်ချက်များအား ပံ့ပိုးထောက်ပံ့ရန်အလို့ငှာ အဖော်ပြုပေးမှု နှင့် အရင်းအမြစ်များ ကမ်းလှမ်းထောက်ပံ့ပေးသော အစီအစဉ်<br>ကျွန်ုပ်တို့၏ တယ်လီကျန်းမာရေး ထောက်ပံ့သူများ ကွန်ယက်တွင် ပါဝင်သည်များမှာ – Boulder Care ၊ Bright Heart Health ၊ Bicycle Health နှင့် Teladoc | UHC Doctor Chat ဆရာဝန်ဖြင့် ချက်တင်ဆွေးနွေးမှုနှင့်အတူ ဗာကျူရယ်နည်းလမ်း စောင့်ရှောက်မှု<br>Bright Heart Health – မူးယစ်ဆေး၊အရက်စွဲလန်း အသုံးပြုမှုအတွက် 24/7 အကူအညီပေးသော ဖုန်းလိုင်း<br>Eleanor Health - ရေရှည် စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအတွက် စောင့်ရှောက်မှုမန်နေဂျာများ နှင့် ဝန်ဆောင်မှုများတို့မှတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး စီမံဆောင်ရွက်ပေးမှု အကူအညီ<br>BoulderCare – တစ်စုံတစ်ရာ စွဲလန်းမှုအား ကုသရန် ရှာဖွေနေသော အဖွဲ့ဝင်များအတွက် တယ်လီကျန်းမာရေး ဖြေရှင်းမှုနည်းလမ်း<br>Charlie Health – လူငယ်များ အတွက် တစ်ဦးချင်းအလိုက် စီမံဆောင်ရွက်ပေးထားသော အနီးကပ် ပြင်ပလူနာ အစီအစဉ် | Live Health Online<br>Emotional Wellbeing App စိတ်ခံစားချက်ပိုင်းကျန်းမာရေး အက်ပ်<br>ကလေးများအတွက် Meditation App စိတ်မှတ်ကျင့်စဉ် အက်ပ် |

| **တန်ဖိုးပေါင်းထည့်ထားသော အကျိုးခံစားခွင့်များ** | Coordinated Care of Washington, Inc | Community Health Plan of Washington | Molina Healthcare of Washington | UnitedHealthcare Community Plan | Wellpoint Washington (ယခင်က Amerigroup) |
|---|---|---|---|---|---|
| **ဆုကြေး အစီအစဉ်များ (အဖွဲ့ဝင်တစ်ဦးလျှင် တစ်နှစ်လျှင် $200 အထိ)** | တုပ်ကွေးကာကွယ်ဆေးများ၊ ကျန်းမာရေးစစ်ဆေးပြသမှုများ၊ ကျန်းမာရေးဆေးစစ်မှုများ နှင့် နောက်ထပ်အရာများစွာအား ရယူခြင်းဖြင့် $200 အထိအား ရှာဖွေရယူလိုက်ပါ။ ကျန်းမာသော ရွေးချယ်မှုများအတွက် ကြိုတင်ပေးချေသော Visa ကတ်အတွင်းသို့ ဆုကြေးများအား အလိုအလျောက် ပေါင်းထည့်ပေးသွားမည်ဖြစ်သည် | ကျွန်ုပ်တို့၏ ChildrenFirst အစီအစဉ်တွင် မီးမဖွားခင်၊ မီးဖွားပြီးနောက် နှင့် Well-Child Reward (ကျန်းမာသောကလေး ဆုကြေး) အစီအစဉ်များ ပါဝင်သည်။<br>Well-Child Rewards ဆုကြေးများ အစီအစဉ်တွင် အသက် နှစ်ပတ်သားအရွယ်မှ အသက် 18 နှစ်အထိ ပါဝင်သည်<br>ကျန်းမာသောကလေး စစ်ဆေးမှုတစ်ခုစီအတွက် ဆုကြေးသည် နှစ်စဉ် $200 တန်ဖိုးအထိ စုစုပေါင်း အကျိုးခံစားခွင့် ရှိမည်ဖြစ်ပြီး၊ Target ၊ Amazon သို့မဟုတ် Safeway မှ လက်ဆောင်ကတ်များ ပုံစံဖြင့် ဆုကြေးအား ရရှိပေမည် | ကြိုတင်ကာကွယ်သည့် စစ်ဆေးမှုများ နှင့် ဝန်ဆောင်မှုများအား ဆောင်ရွက်၍ သင့်ကိုယ်သင် နှင့် သင့် မိသားစုအား စောင့်ရှောက်ခြင်းအားဖြင့် နှစ်စဉ် $200 တန်ဖိုးအထိ ရှိသော လက်ဆောင်ကတ်များအား ရယူလိုက်ပါ | ကျန်းမာသောကလေး တွေ့ဆုံပြသမှုများ၊ ကာကွယ်ဆေးများ၊ ရင်သားကင်ဆာ စစ်ဆေးမှုများ၊ ဆီးချို စောင့်ကြည့်မှုများ နှင့် အခြား နောက်ထပ်သောအရာများ အပါအဝင် အရေးကြီးသည့် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများအား ရယူဆောင်ရွက်၍ ဆုကြေးများအား ရယူလိုက်ပါ<br>အဖွဲ့ဝင်တစ်ဦးလျှင် တစ်နှစ်လျှင် $200 | နှစ်စဉ် $200 အထိ ဆုကြေးများ |
| **နောက်ထပ်သော ဝန်ဆောင်မှုများ** (အပ်စိုက်ကုထုံး၊ လိင်တံထိပ်ဖျား အရေပြားလှီးဖြတ်မှု၊ အစရှိသဖြင့်) | Amazon Prime ဒစ်စကောင့် လျှော့ဈေး<br>အကန့်အသတ်မရှိ စာသားအမှာစကား ပေးပို့နိုင်မှုနှင့်အတူ အခမဲ့ စမတ်ဖုန်း၊ Coordinated Care နှင့် 24/7 အကြံပေး သူနာပြု ဖုန်းလိုင်းထံသို့ အခမဲ့ ဖုန်းခေါ်ဆိုမှုများ<br>ရက် 90 စာ ဆေးဖြည့်ခြင်း – ဆေးစာများအား သင့်နေအိမ်သို့ စာတိုက်ပေးပို့ရန် သို့မဟုတ် သင့်ဆေးဆိုင်၌ ဆေးဖြည့်ရန် ရွေးချယ်နိုင်သည်<br>နည်းပြပေးမှု နှင့် ပုံမှန် ထောက်ပံ့မှုများအားဖြင့် ဆေးလိပ်သောက်ခြင်း နှင့် အခြားသော ဆေးရွက်ကြီးထုတ်ကုန် အသုံးပြုမှုများအား ဖြတ်ပစ်ခြင်း | Amazon Prime ဒစ်စကောင့်လျှော့ဈေး<br>အပ်စိုက်ကုထုံး၊ ခါတ်ရောင်ခြည်ကုထုံး နှင့် နှိပ်နယ်မှု ကုထုံးသရဖီ အစရှိသည်တို့အပါအဝင် နာကျင်မှုနှင့် စိတ်ဖိစီးမှုအား လျှော့ချရန်အတွက် တစ်နှစ်လျှင် စုစုပေါင်း အကြိမ် 20 လည်ပတ်ကုထုံးခံယူမှု (လွှတ်လပ်စွာဖွင့်လှစ်ပေးထားသော ကွန်ယက်၊ ထောက်ခံစာများ မလိုအပ်ပေ သို့မဟုတ် ကြိုတင်ထောက်ခံခွင့်ပြုချက်များ မလိုအပ်ပေ)<br>ဆေးလိပ်ဖြတ်ရန် ပံ့ပိုးထောက်ပံ့မှု<br>လိင်တံထိပ်ဖျား အရေပြားလှီးဖြတ်မှု<br>နာတာရှည် ရောဂါအခြေအနေ အများစုအတွက် ရက် 90 စာ ဆေးဝါး ထောက်ပံ့မှု | Amazon Prime ဒစ်စကောင့်လျှော့ဈေး<br>Pyx Health App - သင်၏ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး လိုအပ်ချက်များအား ပံ့ပိုးထောက်ပံ့ရန်အလို့ငှာ အဖော်ပြုပေးမှု နှင့် အရင်းအမြစ်များ ကမ်းလှမ်းထောက်ပံ့ပေးသော အစီအစဉ်<br>ရက် 90 စာ ဆေးဖြည့်ခြင်း – ဆေးစာများအား အဖွဲ့ဝင်၏ နေအိမ်သို့ စာတိုက်ပေးပို့ရန် သို့မဟုတ် သင့်ဆေးဆိုင်၌ ဆေးဖြည့်ရန် ရွေးချယ်နိုင်သည်<br>Molina ၏ My Health Tobacco Cessation ဆေးလိပ်ဖြတ်အစီအစဉ်မှတစ်ဆင့် ဆေးလိပ်ဖြတ်ရန် အကူအညီ | Amazon Prime ဒစ်စကောင့် လျှော့ဈေး<br>ရက် 90 စာ ဆေးဖြည့်ခြင်း – ဆေးစာများအား အဖွဲ့ဝင်၏ နေအိမ်သို့ စာတိုက်ပေးပို့ရန် သို့မဟုတ် သင့်ဆေးဆိုင်၌ ဆေးဖြည့်ရန် ရွေးချယ်နိုင်သည်<br>Quit for Life – နီကိုတင်း ဖြတ်တောက်မှုဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု<br>UHC App – သင့်ကျန်းမာရေးအား အွန်လိုင်းပေါ်တွင် သို့မဟုတ် လမ်းသွားရင်း စီမံခန့်ခွဲမှု<br>အဖွဲ့ဝင် ID ကတ်၊ လက်ရှိ အကျိုးခံစားခွင့်များ၊ ဆရာဝန်တစ်ဦးအား ရှာဖွေခြင်း အစရှိသည်တို့အပါအဝင် ကျန်းမာရေးအချက်အလက်များအား မိုဘိုင်းဖြင့် ဝင်ရောက်ရယူမှု | Amazon Prime ဒစ်စကောင့် လျှော့ဈေး<br>အပ်စိုက်ကုထုံး စက်ရှင် 7 ခု<br>အလုပ်ခန့်အပ်မှုအတွက် အခမဲ့ စက်မှုလုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်<br>အခမဲ့ GED စစ်ဆေးမှုများ<br>အမေရိကန် အင်းဒီးယန်း/ အလက်စကာဒေသခံ အဖွဲ့ဝင်များတို့အတွက် ရိုးရာဓလေ့ထုံးတမ်း ကုသမှု အကျိုးခံစားခွင့်များ (ချွေးခံခြင်း၊ လူးလိမ်းခြင်း၊ ပုံပြောခြင်း နှင့် စက်ဝိုင်းဖွဲ့ မျှဝေခြင်း အစရှိသည်တို့ ပါဝင်သည်)<br>ကွန်ယက်တွင်း ထောက်ပံ့သူနှင့်အတူ $150 လိင်တံထိပ်ဖျား အရေပြားလှီးဖြတ်မှု<br>အခမဲ့ တုပ်ကွေးကပ်ဘေး ကာကွယ်ရေးပစ္စည်းတွဲ |

*ဤအကျိုးခံစားခွင့်များ ဝင်ရောက်ရယူခြင်းသည် Apple Health အရည်အချင်းပြည့်မီမှုအပေါ်တွင် မူတည်ပါသည်။ အထက်ပါ ဇယားကွက်အတွင်း ဖော်ပြထားသော ထုတ်ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများတို့အား Apple Health သို့မဟုတ် Apple Health Expansion မှတစ်ဆင့် ကမ်းလှမ်းမည် သို့မဟုတ် ကျိန်းသေအာမခံပေးမည်ဟု မဆိုပေ။ ဤအကျိုးခံစားခွင့်များသို့ ဝင်ရောက်ရယူနိုင်ခွင့်သည် Apple Health အယူခံဝင်မှု လုပ်ငန်းစဉ်များအရ မဟုတ်ပေ။ ဤထုတ်ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများတို့နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာရှိလျှင် စီမံခန့်ခွဲမှုပြုသော စောင့်ရှောက်မှုအစီအစဉ်၏ အုပ်ချုပ်မှု လုပ်ငန်းစဉ်အရ ဖြစ်ပေမည်။*